စီးပွားရေးအဘိဓာန်

မောင်ဝူးဝမ်း
ပြုစုသည်



အမှာ

ကမ္ဘာနှင့် အဝှမ်း ဒေသအားလုံး၌ စီးပွားရေး အပြောင်းအလဲတို့သည် အကောင်းဘက်တွင် ဖြစ်စေ၊ အဆိုးဘက်တွင် ဖြစ်စေ ကြီးကြီးကျယ်ကျယ် ဖြစ်ထွန်းနေကြ၏ ။ အံ့မခန်း (miracle) ဆိုသော စကားကို တွင် တွင် ကျယ်ကျယ် သုံးစွဲနေကြခြင်းသည် ဤအဓိပ္ပာယ်ကို ဖွင့်လှစ်ပြခြင်း ဖြစ်တန်ရာသည်။

ဤသို့ ဖြစ်ထွန်းမှု ၏ အကျိုးဆက်အနေအထားဖြင့် သမိုင်းတွင် မကြုံဖူးလောက်အောင် လူမျိုးမရွေး၊ ဘာသာမရွေး၊ ဖို မ မရွေး၊ လူတိုင်းလိုလိုက စီးပွားရေး အကြောင်းတို့ကို အလွန် သိချင် လာကြကုန်၏ ။ အလွန် နားလည်ချင်လာကြကုန်၏ ။ ဤသည်ပင် တစ်ဆက်တည်း၌ စီးပွားရေး ပညာအကြောင်းတို့ကိုလည်း အလွန် သိချင်လာကြပေသည်။

သို့ ဖြင့် စီးပွားရေး ပညာအကြောင်း သိလိုစိတ်များ အံ့မခန်း ပြင်းထန်ကျယ်ပြန့်လာသော အခါ၌ ရှေးမဆွက ရှေးလူကြီးသူမတို့၏ ဘောဂဗေဒပညာနှင့် ပတ်သက်သော အမြင်သဘောထား တစ်ခုသည် အကဲစိမ်းခံရသလို ဖြစ်လာသည်။ ဘောဂဗေဒသည် ထိုင်းမှိုင်းသော ဘာသာရပ် (dismal science) ဖြစ်သည်ဟု ရှေးလူကြီးတို့က ဆိုခဲ့ကြသည်။

ယခု ဤဘာသာရပ်သည် မထိုင်းမှိုင်းတော့ပြီ။ မူရင်းကျမ်းပြုဆရာတို့၏ သီအိုရီက မည် မျှပင် နားမလည်နိုင်လောက်အောင်ရှိစေကာမူ နောက်ပိုင်း ဦးကာဖွင့် သူတို့က လူအများ နားလည်အောင် သွက်သွက်လက်လက် ပေါ့ပေါ့ပါးပါး ရေး သားပေးကြရ၏ ။

ထို့အပြင် ကမ္ဘာအနှံ့ မြန်မြန်ဆန်ဆန် ဖြစ်ပျက်နေသော စီးပွားရေး ဖြစ်ရပ်တို့ကို အချိန်မီ ဖော်ပြရာ၌ လည်းကောင်း၊ ထိထိမိမိ ဝေဖန်စိစစ်သုံးသပ်ပြရာ၌ လည်းကောင်း၊ သက်ဆိုင်ရာ စာရေး ဆရာ၊ သတင်းစာဆရာတို့ကလည်း တတ်နိုင်သမျှ အများ နားလည်အောင် သွက်သွက်နှင့် ရှင်းရှင်း ရေး သားလျှင်ထုတ်လာကြရသည်။

လူအများ ကလည်း ဤစီးပွားရေး ကျမ်း၊ ဤစီးပွားရေး သတင်း၊ ဤစီးပွားရေး

ဝေဖန်ချက် တို့ကို ခေတ်၏ အရှိန်နှင့် အညီ အမီလိုက်ရန်အလို့ငှာ ရည်ညွှန်းစာအုပ်များ အဆောတလျင် လိုလာ ကြပြန်သည်။

ဤစီးပွားရေး ပညာအဘိဓာန်သည် ဤလိုအပ်ချက်ကို ဖြည့်စွမ်းပေးရန် ရည်ရွယ်ပါသည်။ ထို့အပြင် မူရင်းကျမ်းများ ပါ စကားရပ်တို့ကိုသာမက ယခုမျက်မှောက်ခေတ်၏ အလွန်တရာ ရှုပ်ထွေးလှသော စီးပွားရေး ဖြစ်ထွန်းမှု တို့မှ စကားရပ်တို့ကိုလည်း နောက်ဆုံးနေ့အထိ ခေတ်မီ အောင် အသစ်ထပ်မံစုဆောင်းပြီး သင့်လျော်သော အဓိပ္ပာယ်ရှင်းလင်းချက်တို့ဖြင့် ဖြည့်စွက်ပြီး ကြိုး စားပြုစုထားပါသေးသည်။

ဤအဘိဓာန်သည် စီးပွားရေး ပညာကို လိုက်စားနေသူများ သာမက သာမန်အရပ်သူ အရပ် သားများ လည်း လွယ်ကူစွာ နားလည်စေရန် ကြိုး ပမ်းထားပါသည်။ ဤအဘိဓာန်စာအုပ် ဖြစ်မြောက်ရေး အတွက် ကူညီအားပေးသူတိုင်းအား အလွန်တရာမှ ကျေးဇူးတင်ပါသည်။

မောင်စူးစမ်း

*

အခန်း (၁)

Ability to Jnvest ~ မ, တည်မြုပ်နံနိုင်သော အင်အား။

လူ တစ်ယောက် စီ၏ ဝင်ငွေထဲမှ နေထိုင် စားသုံးမှု အတွက် စားစရိတ်ကိုနုတ်လျှင် ကျန်ငွေသည် မ, တည်မြုပ်နံနိုင်သော အင်အား ဖြစ်သည်။ ဤအင်အားကို အစိုးရ၏ အခွန် ကောက်ခံခြင်းက ယုတ်လျော့စေ၏ ။ ထို့ကြောင့် မ, တည်မြုပ်နံနိုင်သော အင်အားသည် နေထိုင်စားသုံးမှု စားရိတ်ထုထည်၊ အခွန်ထမ်းဆောင်မှု ၏ အရေအတွက်နှင့် အစိုးရ၏ ဘတ်ဂျက်ပိုငွေ ရှိ၊ မရှိတို့အပေါ်တွင် တည်နေသည်။

Ability to pay ~ ထမ်းဆောင်နိုင်သည့် အင်အား။

အခွန်ထမ်းဆောင်နိုင်သည့် အင်အားကို ဆိုလိုသည်။ အခွန်ထမ်းဆောင်နိုင်သည့် အင်အား ကို တိုင်းထွာရာမှာ ဤသို့ ဖြစ်သည်။ လူတိုင်း၌ ဝင်ငွေရှိသည်။ ဤဝင်ငွေမှ စီးပွားရေး သက်သာချောင်ချိမှု ကို ရသည်။ အခွန်ပေးရသည့်သဘောမှာ ဤဝင်ငွေမှ စီးပွားရေး သက်သာချောင်ချိမှု တစ်စိတ်တစ်ဒေသကို စွန့်လွှတ်ရခြင်း ဖြစ်သည်။ ထို့ကြောင့် ထမ်းဆောင်နိုင်သော အင်အားဆိုသည်မှာ စီးပွားရေး သက်သာချောင်ချိမှု အနည်းဆုံး စွန့်လွှတ်၍ ထမ်းဆောင်နိုင်သော အင်အားကို ခေါ်သည်။ ဝင်ငွေနှင့် စီးပွားရေး သက်သာ ချောင်ချိမှု ကို ဆက်သွယ်ရန် ထမ်းဆောင်နိုင်သော အင်အားကို တိုင်းထွာကြသည်။ လူတိုင်း၌ အခွန်ပေးဆောင်ခြင်းဖြင့် စီးပွားရေး ချောင်ချိမှု တစ်စိတ်တစ်ဒေသကို စွန့်လွှတ်၍ အနစ်နာခံရန် တာဝန်ရှိသည်။ ထိုမှ မူအမျိုးမျိုး ထွက်လာသည်။ တချို့က အချိုးကျ အနစ်နာခံရမည် ဟု ဆိုသည်။ တချို့က အနည်းဆုံး အနစ်နာခံရမည် ဟု ဆိုသည်။ တချို့က နဂိုရှိရင်း ဝင်ငွေဖြန့်ဖြူး မှု ပုံစံမပျက် မထိခိုက်ဘဲ အနစ်နာခံရမည် ဆိုသည်။

Ability to Receive ~ ရနိုင်သော အင်အား။

တိုင်းသူပြည်သားတို့သည် အစိုးရအား အခွန်ပေးဆောင်ခြင်းဖြင့် အနစ်နာခံရသည်။ တစ်ဖန် အစိုးရက ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် သုံးစွဲခြင်းဖြင့် တိုက်ရိုက်

ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ အကျိုးခံစားရပြန်သည်။ အကျိုးခံစားမှု ရရှိနိုင်သော အင်အား ဟူသည် အမြင့်ဆုံး အကျိုး ခံစားချက်ဖြင့် အစိုးရထံမှ ရဝိုင်ခြင်းကို ဆိုလိုသည်။

Absolute Rent ~ အဆုံးစွန်ငှားခ။

မြေယာများ ကို ပုဂ္ဂလိက ပိုင်ဆိုင်ထားသော အခြေအနေ၌ မြေငှားခဟူ၍ ရှိလိမ့်မည် ။ မြေတစ်ကွက်နှင့် တစ်ကွက်သည် မြေဩဇာအရ လည်းကောင်း၊ အကွာအဝေးအရ လည်းကောင်း မတူကြ။ ဤသို့ မတူသည့်အလျောက် မြေငှားခလည်း တူမည် မဟုတ်။ မြေဩဇာ ခြားနားချက်ကို လည်းကောင်း၊ အကွာအဝေး ခြားနားချက်ကို လည်းကောင်း နှတ်ပစ်လိုက်ပါ။ မြေယာအားလုံးသည် တူကြလိမ့်မည် ။ ဤသို့ တူသော မြေယာများ အတွက် တူသော မြေငှားရမ်းခ ရှိလိမ့်မည် ။ ဤတူသော မြေငှားခသည် အနိမ့်ဆုံးမြေငှားခ ဖြစ်လိမ့်မည် ။ သည်ထက်ဝိုလာသည့် အဝိုသည် မြေဩဇာနှင့် အကွာအဝေး ခြားနားချက် ကြောင့် ဖြစ်လိမ့်မည် ။ မြေဩဇာနှင့် အကွာအဝေး ခြားနားချက်ကြောင့် အဝိုငှားခကို ခြားနားသော ငှားခခေါ်သည်။ (Differential rent ကို ကြည့်ပါ။) ထို့ကြောင့် မြေကွက်များ တွင် ခြားနားချက်အဝဝကိုနုတ်၍ တည်နေသော အခြေတွင် ပေးရသော မြေငှားခကို အဆုံးစွန်ငှားခဟု ခေါ်သည်။

Abrasion ~ အလေးချိန်လျော့မှု ။

ရွှေဒင်္ဂါး၊ ငွေဒင်္ဂါး စသည့် ငွေစများ ကို ပိုက်ဆံအ ဖြစ် လဲလှယ်သုံးစွဲသည့်အခါ ကိုင်ဖန်များ ၍ အပွန်းအပဲ့များ ကာ အလေးချိန်လျော့ပါးလာမှု ကို ခေါ်သည်။ ဤကဲ့သို့ လျော့ပါးမှု ၏ အတိုင်းအတာသည် ရွှေ သို့ မဟုတ် ငွေ တို့၏ မာမှု ၊ ကြာရှည်ခံမှု ပေါ်နှင့် 'ချွေး' ရောစပ်မှု အချိုးအစားပေါ်၌ တည်သည်။

Absentee ~ အလုပ်ခွင်၌ မရှိသူ။

ယေဘုယျအားဖြင့် လယ်လုပ်ခွင့်နှင့် ဝေးသော အရပ်၌ နေထိုင်သော မြေရှင် ဖြစ်သည်။ မြို့ နေ လယ်ပိုင်ရှင် ဖြစ်သည်။ ထို့ပြင် အလုပ်ခွင်၌ ပျက်ကွက်သူမှန်သမျှကို ဤစကားလုံး ဖြင့် ခေါ်သည်။

Abstract of Title ~ ပိုင်ဆိုင်ခွင့် အတိုကောက်။

မြေနေရာတစ်ခုကို ပိုင်ဆိုင်ကြောင်း အခွင့်အရေး ပြ တရားဝင်စာချုပ်စာတမ်းတစ်ခုကို အတိုကောက်နည်းအားဖြင့် ဖော်ပြချက် ဖြစ်သည်။

Absolute Surplus Value ~ အဆုံးစွန် အစွန်းတွက်တန်ဖိုး။

အလုပ်ချိန်ကို ရှည်လျားစေ၍ ညှစ်ထုတ်သော အစွန်းတွက်တန်ဖိုးကို အဆုံးစွန် အစွန်း တွက်တန်ဖိုး။

Abstract Labour ~ ဖြပ်မဲ့အလုပ်။

အလုပ် ရည်ရွယ်ချက်၏ ထူးခြားချက်ကို ထည့်မစဉ်းစားဘဲ လူ့အဖွဲ့အစည်း၏ အလုပ် စုစုပေါင်း၏ အစိတ်အပိုင်းတစ်ရပ်အ ဖြစ် ယေဘုယျပြု၍ စဉ်းစားသော အလုပ်ကို ဖြပ်မဲ့ဟု ခေါ်သည်။ လူသည် အလုပ်လုပ်သည့်အခါ အရာဝတ္ထုနှစ် ခုကို တစ်ပြိုင်နက်တည်း လုပ်ရ ၏ ။ ပထမအရာမှာ သက်ဆိုင်ရာအလုပ်ကို လုပ်ခြင်း ဖြစ်၏ ။ ဥပမာ - လက်သမားဆိုလျှင် ကုလားထိုင်၊ စားပွဲ စသည်ဖြင့် ဖြပ်ရှိသော အလုပ်တစ်ခုခုကို လုပ်ခြင်း ဖြစ်၏ ။ ဒုတိယ အရာများ တစ်ချိန်တည်းတွင် လက်သမားသည် လူ့အဖွဲ့အစည်း၏ စုစုပေါင်းလုပ်အားတွင် အစိတ်အပိုင်းတစ်ရပ်အ ဖြစ် (စုပေါင်းကုန်ထုတ်လုပ်မှု တွင်) ပါဝင်၏ ။ ဒုတိယအလုပ်ကို 'ဖြပ်မဲ့' အလုပ်ဟု ခေါ်၍ ပထမအလုပ်ကို ဖြပ်ရှိအလုပ်ဟု ခေါ်သည်။

(Concrete Labour ကို ကြည့်ပါ။)

Acceptance ~ ဘီလတစ်ခုကို လက်ခံခြင်း။

အေက ဘီထံသို့ တစ်စုံတစ်ရာ ဝယ်ယူသည့်အတွက် ညီမျှသော ငွေကို ပေးဆပ်ရန် တောင်းဆိုသည်။ ဘီလတစ်ခု ပေးပို့လိုက်သည်။ ဘီက ပေးပါမည် ဟု ဘီလအပေါ်တွင် လက်မှတ်ရေး ထိုးလိုက်ခြင်းကို ဘီက လက်ခံသည်ဟု ခေါ်သည်။ ဘီက လက်ခံလိုက်သော ဘီလကို အေက လိုအပ်သော အခါ အခြား တစ်ယောက် အား လက်ပြောင်းလက်လွှဲ ရောင် းစားနိုင်သည်။ (Bill of Exchange) ကို ကြည့်ပါ။

Accepting House ~ ဘီလ်များ ကို လက်ခံသော တိုက်။

အေ၌ ဘီထံမှ ရစရာရှိသော ဘီလ်တစ်စောင်ရှိ၏ ။ အေသည် ၎င်းဘီလ်ကို မိမိဘဏ်တိုက် သို့ အပ်လိုက်၏ ။ ၎င်းဘဏ်တိုက်က ယင်းဘီလ်အပေါ် လက်မှတ်ထိုးလိုက်သော အခါ ဘဏ်တိုက်က ဘီလ်ကို လက်ခံသည်ဟု ခေါ်သည်။ ဤသို့ ဘဏ်တိုက်က လက်မှတ်ထိုး လိုက်ခြင်းအားဖြင့် အချိန်စေ့သော အခါ ဘီလ်ကို လက်ခံထားရှိသူသည် ပေးအပ်မည့် သူ ဘီထံမှ ငွေကိုမရခဲ့လျှင် လက်မှတ်ထိုးလိုက်သော ဘဏ်တိုက်ဆီမှ ငွေရနိုင်သည်။ ဘဏ်တိုက်က စိုက်၍ ဆပ်လိုက်ရမည် ဖြစ်သည်။ ဘဏ်တိုက်များ က ဘီလ်များ အပေါ် လက်မှတ်ထိုး လက်ခံလိုက်သော အခါ ဤဘီလ်များ ၏ တန်ဖိုးသည် မြင့်သွားလေသည်။ ငွေရဖို့ အလွန်သေချာသွားသည်။ အင်္ဂလန်တွင် ၎င်းဘီလ်များ ကို လက်ခံသော အလုပ်များ ကို ဆောင်ရွက်သော အလုပ်တိုက်များ သည် ဘာရင်(စ်)၊ ချု ဝင်းနှင့် ရှရှိဒါ စသော ကုမ္ပဏီ သုံးခုသည် ကမ္ဘာကျော် ဘီလ်လက်ခံသော အလုပ်တိုက် ဖြစ်သည်။ ဤကုမ္ပဏီသုံးခုမှ လက်မှတ်ပါသော ဘီလ်များ သည် တန်ဖိုးကောင်းလေသည်။ ဘီလ်များ ကို လက်ခံ ဆောင်ရွက်သော အလုပ်တိုက်များ ကို လက်ခံသော တိုက်ဟု ခေါ်သည်။ ဤတိုက်များ သည် နိုင်ငံခြားမှ အာမခံစာချုပ် ရောင်းဝယ်လိုသူများ ကိုလည်း ပွဲခယူ၍ ဆောင်ရွက်ပေးသည်။

Accelrator ~ တိုးကိန်း။

မ, တည်မြဲပြန်မှု နှင့် ဝင်ငွေဆက်ဆံရေး ကို နှစ် ပိုင်း ပိုင်းသည်။ ရှေးဦးစွာ တစ်စုံတစ်ရာသော အရင်းကို မ, တည်မြဲပြန်လိုက်အံ့၊ ဤပထမ မ, တည်မြဲပြန်မှု ကြောင့် တစ်စုံတစ်ရာသော ဝင်ငွေသည် တိုးလာသည်။ ပထမ စတင် မ, တည်မြဲပြန်မှု နှင့် တိုးလာသော ဝင်ငွေတို့၏ အချိုးကို မြောက်ကိန်းဟု ခေါ်သည်။ ပထမ စတင်မြဲပြန်မှု ကြောင့် ဝင်ငွေ တိုးလာပြန်သော အခါ ထပ်မံ၍ မ, တည်မြဲပြန်ရန် သွေးဆောင်ပြန်သည်။ သို့ ဖြင့် တိုးလာသော ဝင်ငွေနှင့် ရသော မြဲပြန်မှု တို့၏ အချိုးကို တိုးကိန်းဟု ခေါ်သည်။ ဝင်ငွေတစ်ထပ် တိုးလာတိုင်း နောက်ထပ် တစ်ထပ် မြဲပြန်ရန် ဆွဲဆောင်သည်ကိုဖော်ပြသော ကိန်းကို ခေါ်သည်။

Account ~ စာရင်းဖွင့်။

စတော့အိပ်စ်ချိန်း၌ ဤစကားလုံးသည် 'ရစရာရှိမှု ' ကိုပြသည့် စတော့တစ်ခုကို နောက် တစ်ပတ်တွင် ငွေချေရန် သဘောတူညီချက်ဖြင့် ရောင်းလိုက်၏ ။ ဤလိုရောင်းခြင်းမျိုးကို စာရင်းဖွင့်ရောင်းခြင်းဟု ခေါ်သည်။ နောက်တစ်ပတ် ကြာသော အခါ ဝယ်သူသည် စာရင်း ရှင်းရန် ပျက်ကွက်လျှင် 'စာရင်းဖွင့် ' သည် နောက်အပတ်ထဲ ပြောင်းလိုက်ရ၏ ။

Active Trade Balance ~ တက်ကြွသော ကုန်သွယ်ရေး ချိန်ခွင်။

ကျမနီနှင့် ဩစတြေးယားတို့တွင် အသုံးများ သော စကားလုံး ဖြစ်သည်။ နိုင်ငံခြားနှင့် ကုန်သွယ်မှု တွင် ထုတ်ကုန်က သွင်းကုန်ထက်များ သည့် ကုန်သွယ်ရေး ချိန်ခွင်ကို ခေါ်သည်။ သွင်းကုန်များ လျှင် passive trade balance ဟု သုံးသည်။

Actuary ~ အာမခံကုမ္ပဏီမှ အတွက်အချက်။

အာမခံကုမ္ပဏီလုပ်ငန်း၏ အသက်အာမခံ၊ မီးအာမခံ စသည်တို့နှင့် သက်ဆိုင်သမျှ စာရင်း အတွက်အချက်တွင် ကျွမ်းကျင်သည့်ပညာ။ ဥပမာ - 'အန္တရာယ်' ပေါ်တွင် ပရီမီယမ် မည် သို့ ဆုံးဖြတ်မည် ၊ အသက် ဘယ်နှနှစ် ၌ အသေအပျောက်နှုန်း မည် မျှရှိသည်၊ မည် သည့် အလုပ်အကိုင်မျိုး၌ အသေအပျောက်နှုန်း မည် မျှရှိတတ်သည် စသည့် ပြ

နာများ ကို တွက်ချက်တတ်ကျွမ်းသူ ဖြစ်သည်။ ထိုသူသည် ကုမ္ပဏီက ရရှိသော ပရီမီယမ်များ အပေါ် မှ အသားတင်ငွေ မည် မျှ အမြတ်ထားသင့်သည်ကိုလည်း ဆုံးဖြတ်သူ ဖြစ်သည်။ အများ အားဖြင့် ထိုသို့ အဆုံးအဖြတ်မျိုးကို သုံးနှစ် တစ်ကြိမ် သို့ မဟုတ် ငါးနှစ် တစ်ကြိမ်ကျစုဆောင်းထားသော ကုမ္ပဏီ၏ ဝင်ငွေအပေါ်မှ ဆုံးဖြတ်လေ့ရှိသည်။

Accumulation of Capital ~ အရင်းစုဆောင်း မ, တည်မှု ။

အရင်းပစ္စည်းများ မ, တည်စုဆောင်းလာမှု ကို ခေါ်သည်။ ဤကိစ္စ၌ အချို့သော ဘောဂ ဗေဒပါရဂူတို့က ကုန်ထုတ်လုပ်ငန်းဆိုင်ရာ အရင်းပစ္စည်းများ (စက်ရုံများ ၊ စက်ကိရိယာများ စသည်တို့) ကို မ, တည် ထူထောင်ခြင်းကိုသာ ခေါ်သည်။ အချို့သော

ဘောဂဗေဒပါရဂူ တို့ကမ္ဘ ကုန်ထုတ်အရင်းပစ္စည်းများ သာမက ကြာရှည်စားသုံးကုန်များ (ဥပမာ - အိမ်များ ၊ ရေခဲသေတ္တာများ) ကိုလည်း အရင်းပစ္စည်း မ, တည်စုဆောင်းမှု စာရင်းတွင် ထည့်သွင်းလို ကြသည်။

Ad valorem Tax ~ တန်ဖိုးအပေါ် ကောက်သော အခွန်။

အခွန်စည်းကြပ်ရာ၌ နှစ် မျိုးရှိသည်။ ပထမအမျိုးမှာ ကုန်ပစ္စည်းအလေးချိန်အပေါ် မူတည် ကောက်ခြင်း ဖြစ်သည်။ ဓာတ်ဆီတစ်ဂါလံပေါ်တွင် မည် ရွေ့မည် မျှ အခွန်ပေးရမည် ဟူ၍ ဖြစ်သည်။ ဒုတိယအမျိုးမှာ ကုန်ပစ္စည်း၏ တန်ဖိုးပေါ်တွင် မည် ရွေ့မည် မျှ အခွန်ပေးရမည် ဟူ၍ ဖြစ်သည်။ ဥပမာ - တစ်ထောင်တန်သော ကုန်ပစ္စည်းတစ်ခုရောင်းလျှင် ရောင်းခွန် သို့ မဟုတ် အကောက်တော်ခွန် ငါးကျပ်ပေးရမည် ဟူ၍ စည်းကြပ်သည်။

Advances by Banks ~ ဘဏ်များ က ကုန်ထုတ်လုပ်သူများ အား ကြို တင်ငွေချေးခြင်း။

ဘဏ်များ က ကုန်ထုတ်လုပ်သူများ ကို ဖြစ်စေ၊ အိတ်(စ်)ပို့ အင်ပို့ကုမ္ပဏီများ ကို ဖြစ်စေ၊ အတိုးနှုန်းဖြင့် ထုတ်ချေးသည့်ငွေကို ခေါ်သည်။

Advance ~ ဘဏ်က ချေးငှားမှု ။

(Advances by Banks) ကြည့်ပါ။

Advantages of backwardness ~ ခေတ်နောက်ကျသည့်အတွက် ပေါ်လာသော အကျိုးများ ။

မျက်မှော က်ခေတ်၌ တစ်နိုင်ငံနှင့် တစ်နိုင်ငံ စီးပွားရေး အရ နောက်ကျမကျန်ရစ်အောင် အမီလိုက်နေကြ၏ ။ ဤသို့ အမီလိုက်ရာ၌ မူလက နောက်ကျခဲ့သော နိုင်ငံတို့က ပို၍ သွက်သွက် အမီလိုက်နိုင်ကြသည်။ ဥပမာ - အာရှသည် မဖွံ့ဖြိုး ခဲ့ပေ။ ခေတ်နောက်ကျခဲ့၏ ။ ဥရောပကို အမီလိုက်သော အခါ

အလွန်သွက်သွက်လက်လက် အမီလိုက်နိုင်သည်။ ဤသို့လိုက်နိုင်သည်မှာ မူလက ခေတ်နောက်ကျခဲ့သော ကြောင့် ဟု ဆိုလေသည်။

Adverse Balance of Payment ~ ညံ့ဖျင်းသော ငွေချေမှု ချိန်ခွင်။

ငွေချေမှု ချိန်ခွင်။ Balance of Payment ကြည့်ပါ။

Advice Note ~ နှိုးဆော်စာ။

ကုန်သည်တစ်ဦးက အခြားကုန်သည်တစ်ဦးထံသို့ ကုန်ပစ္စည်းများ တင်ပို့လိုက်၏ ။ တင်ပို့ သည့် ကုန်သည်က အခြားကုန်သည်ထံသို့ မည် သည့်နေ့က မည် သည့်အမျိုးအစား ကုန်များ ကို မည် ရွေ့မည် မျှ ပို့လိုက်ကြောင်း စာရင်းပါသည့် စာတစ်စောင်ပို့လိုက်၏ ။ ဤအမျိုးကို နှိုးဆော်စာဟု ခေါ်သည်။ ဤနှိုးဆော်စာမျိုးကို ဘဏ်တိုက်များ ကလည်း အသုံးပြု သည်။ မိမိတို့၏ ဖောက်သည်များ အား ငွေများ မည် ရွေ့မည် မျှ အပ်ထားသည်မှ မည် မျှကျန်သည်။ ထုတ်ယူငွေ မည် မျှရှိသည် စသည်တို့ကို ဖော်ပြ၏ ။

Aggregate Demand ~ စုစုပေါင်း ဝယ်လိုအား။

အစိုးရသုံးငွေများ နှင့် ပုဂ္ဂလိက အရင်းမြှုပ်နှံမှု နှင့် အသုံးပြုခြင်းတို့၏ စုစုပေါင်းသည် စုစုပေါင်း၏ ဝယ်လိုအား ဖြစ်၏ ။ စုစုပေါင်းဝယ်လိုအားမှာ တိုင်းပြည်ရှိ စုစုပေါင်းဝယ်လိုအား ဖြစ်၏ ။

Allonge ~ ချိန်တွဲ စက္ကူ။

အိတ်(စ်)ချိန်းဘီလများ ပေါ်တွင် လက်မှတ်ရေး ထိုးစရာ နေရာလွတ်မရှိသော အခါ စက္ကူစာရွက်ကို တွဲ လိုက်သည်။ ဤစက္ကူပေါ်တွင် လက်မှတ်ရေး ထိုးသွားနိုင်သည်။ အလိမ်မ ဖြစ် စေရန် နောက်ဆုံး လက်မှတ်ရေး ထိုးသူသည် မူလဘီလစာရွက်ပေါ်တွင် လည်း ထိုးရမည် ။ ချိတ်တွဲ စက္ကူပေးတွင် လည်း ထိုးရမည် ။

Alloy ~ အချေး။

သာမန်အသုံးအနှုန်းသည် သတ္တုအမျိုးမျိုး ရောစပ်ထားခြင်းကို ခေါ်သည်။ သို့

သော် ဒဂီး သွန်းရုံအဖို့၌ အဖိုးတန် ရွှေ ငွေနှင့် ရောရန် အခြေခံသတ္တုအချေးကို ခေါ်သည်။ သတ္တုအချေးကို ပေါင်းစပ်ပေးခြင်းဖြင့် ငွေစတို့သည် (၁) အရောင် ကောင်းခြင်း၊ (၂) ကြာရှည်ခံ ခြင်း၊ (၃) အသံလွင်ခြင်းတို့ ရှိသည်။

American Account Countries ~ ဒေါ်လာရေယာ ကြည့်ပါ။

Amortization ~ အဟောင်းလဲခြင်း။

ဤစကားလုံးသည် အဓိပ္ပာယ်သုံးမျိုး ထွက်လာသည်။

(၁) ဥပဒေတွင် ပစ္စည်းတစ်ခုကို ကော်ပိုရေး ရှင်းတစ်ခု ဖြစ်စေ၊ ဌာနတစ်ခုကို ဖြစ်စေ လှူလိုက်ခြင်းကို ခေါ်သည်။

(၂) ဘဏ္ဍာရေး တွင် တင်ရှိသော အကြွေးကို မြေပလျက်ရှိသော ရန်ပုံငွေ တဖြည်းဖြည်း ပြန်ဆပ်ခြင်းကို ခေါ်သည်။

(၃) ဘောဂဗေဒတွင် စက်ကိရိယာကြီးများ ပွန်းပဲ့ဟောင်းနွမ်းသည်ကို အစားဖြည့် အသစ်လဲထားသည့် ရန်ပုံငွေကို ခေါ်သည်။

Anarchism ~ စီမံကွပ်ကဲမှု မဲ့သော ဝါဒ။

ကုန်ထုတ်လုပ်ငန်းကို ဘောဂဗေဒတွင် စေး၏ မျက်မှန်း အင်အားအပေါ်တွင် မှီထားရပြီး အစီအမံ အကွပ်အကဲ စနစ်တကျမရှိခြင်းကို ခေါ်သည်။ နိုင်ငံရေး တွင် အစိုးရမရှိဘဲ လူပြဿ နာအရပ်ရပ်ကို ဖြေရှင်းသွားနိုင်သည်ဆိုသော ဝါဒ ဖြစ်၏ ။

Annuities, Terminable ~ နှစ် ရှည်ပဋိညာဉ်ခံစာချုပ်များ ။

အမွေပစ္စည်းများ သည် သတ်မှတ်ထားသော တန်ဖိုးတစ်ခုထက် ကျော်လွန်နေလျှင် ကျော်လွန်သော တန်ဖိုးအား အစိုးရပဋိညာဉ်ခံစာချုပ်များ ဖြင့် လဲလှယ်ခြင်း ဖြစ်သည်။ ဤစာချုပ်သည် အမွေစား အသက်ရှင်နေသမျှကာလပတ်လုံး ဖြစ်စေ၊ တစ်စုံတစ်ခုသော ကာလအတွက် ဖြစ်စေ သတ်မှတ်ထားသော အမွေစားအား အစိုးရက လဲလှယ်ထားသော အမွေပစ္စည်းတန်ဖိုး၏ နှစ် စဉ်တန်ဖိုးကို ထုတ်ပေးခြင်း

ဖြစ်သည်။

ဥပမာ - အမွေစား တစ်ယောက် သည် တစ်သိန်းတန်ပစ္စည်းအတွက် ပဋိညာဉ်စာချုပ်နှင့် လဲလှယ်ရသည်ဆိုပါစို့။ ၁၀ နှစ် ကန့်သတ်ထားလျှင် ဤပစ္စည်းသည် တစ်နှစ် လျှင် တစ်သောင်းတန်လိမ့်မည် ။ သို့ ဖြစ်လျှင် အစိုးရက အမွေစားအား တစ်နှစ် လျှင် တစ်သောင်း မှန်မှန် ထုတ်ပေးလိမ့်မည် ။

Anti-combination Laws ~ စုပေါင်းမှု ဆန့်ကျင်ရေး ဥပဒေများ ။

ရောင်းသူက ဖြစ်စေ၊ ဝယ်သူက ဖြစ်စေ လက်ဝါးကြီးအုပ်ခြင်းကို ကာကွယ်ရန် ပြဋ္ဌာန်း သည့်ဥပဒေများ ဖြစ်၏ ။

Anti-semitic ~ ဆီမစ်တစ်ဝါဒဆန့်ကျင်ရေး ။

ပြင်သစ်က စူပါပါဝါ အမေရိကန်ဆန့်ကျင်ရေး ကိုသာ စိတ်ဝင်စားနေသည်နှင့် အတူ အာရပ် တို့ကလည်း ဂျူး ဆန့်ကျင်ရေး တွင် သာ စိတ်အားထက်သန်နေကြသည်။ ပြင်သစ်နှင့် အာရပ်တို့သည် အရှေ့အလယ်ပိုင်းဒေသ၌ ပြင်သစ်တော် လှန်ရေး ၏ ဆောင်ပုဒ် ဖြစ်သော လွတ်လပ်ရေး ၊ တန်းတူညီမျှရေး နှင့် ချစ်ကြည်ရင်းနှီးရေး တို့ကို စိတ်ဝင်စားပုံမရှိဟု အလယ် အလတ်ပိုင်းရေး ရာပါရဂူ စတီပင်ကိုတင်က မှတ်ချက်ချသည်။

A 1 at loyds ~ လွိုက်အောမ်း။

လွိုက်ဘဏ်၏ ဗြိတိသျှနှင့် နိုင်ငံခြားသဘော်လုပ်ငန်းဆိုင်ရာ အရာရှိရုံးမှစကား ဖြစ်သည်။ သဘော်တစ်စင်းကို စစ်ဆေးလျှင် စက်အခြေအနေ၊ ကုန်ထားရန်နေရာ၊ စတိုနေရာ ထိုင်ခင်းနှင့် ကျောက် အစရှိသည်၏ အရပ်ရပ် အခြေအနေကိုပါ ဖော်ပြရာ ဖြစ်သည်။ အောမ်းဟုဆိုလျှင် ပထမတန်းစား ဖြစ်ကြောင်း ဖော်ပြသည်။

Applied Economics ~ လက်တွေ့ဘောဂဗေဒ။

ဘောဂဗေဒ သဘောတရားအား စက်မှု လက်မှု လုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေး နှင့် ဘဏ္ဍာရေး လောကတို့မှ လက်တွေ့ပြဿ နာများ ပေါ်တွင်

ဖြေရှင်းကျင့်သုံးခြင်းကို ခေါ်သည်။

Apprenticeship ~ အလုပ်ပညာသင်။

အလုပ်ရုံတစ်ရုံတွင် အလုပ်သမားမ ဖြစ်ခင် အလုပ်သမားမ ဖြစ်ခင် အလုပ်ပညာသင်အ ဖြစ် ဆရာတစ်ဦး၏ အောက်တွင် ရှေးဦးစွာ လုပ်ကိုင်ရသော စနစ်ကို ခေါ်သည်။ အလယ်ကြုဒါ ခေတ်တို့တွင် အလုပ်ပညာသင်သဘောသည် ခေတ်စားသည်။ ၁၅၉၃ ခုနှစ် အလုပ်ပညာ သင်ဥပဒေဟူ၍ ပေါ်လာခဲ့သည်။ ယခုခေတ်၌ အလုပ်ရုံအတွင်း အလုပ်ပညာသင်စနစ် နေရာတွင် များ သော အားဖြင့် စက်မှု လက်မှု ပညာကို သိပ္ပံပညာကျောင်းများ ၊ တက္ကသိုလ် ကျောင်းများ က အစားထိုးဝင်လာသည်။

Appropriate technology ~ အံကိုက်နည်းပညာ အတတ်ပညာ။

တက်ကနိုလိုဂျီခေါ် နည်းပညာ အတတ်ပညာတို့ကို အဆင့်နိမ့်၊ အလယ်အလတ်နှင့် အဆင့်မြင့်ဟူ၍ ခွဲခြားကြသည်။

စက်မှု ဖွံ့ဖြိုး ပြီးနိုင်ငံတို့သည် အဆင့်မြင့်တက်ကနိုလိုဂျီကို အသုံးပြုကြ၏ ။ ဤအချက်ကို အားကျကာ တတိယကမ္ဘာ့နိုင်ငံတို့၌ လည်း အဆင့်မြင့်တက်ကနိုလိုဂျီတို့ကို တင်သွင်း အသုံးပြုရမည် ဟု အပြောအဆိုများ ရှိလာသည်။

ဤအချက်ကို ဆန့်ကျင်သူတို့က တတိယကမ္ဘာ့နိုင်ငံတို့သည် မိမိတို့အခြေအနေနှင့် ကိုက်ညီသည့် တက်ကနိုလိုဂျီတို့ကိုသာ အသုံးပြုသင့်သည်ဟု တင်ပြကြရာမှ ဤစကား ထွန်းကားလာခြင်း ဖြစ်၏ ။

အံကိုက်တက်ကနိုလိုဂျီ အယူအဆကို ခြွင်းချက်ဖြင့် လက်ခံသူတို့က အံကိုက်တက်ကနိ လိုဂျီဆိုသည်မှာ အဆင့်နိမ့်နှင့် အလယ်အလတ် တက်ကနိုလိုဂျီတို့ကို ရည်ညွှန်းခြင်း ဖြစ်၍ ယှဉ်ပြိုင်နိုင်သော အင်အား ခေတ်နောက်ကျအောင် ဆော်သြသည်နှင့် တူသည်ဟု ပြောကြ သည်။

Arbitrage ~ ကြားခံ အရောင်း ၊အဝယ်လုပ်ခြင်း။

နိုင်ငံတစ်ခု၏ ငွေ (ပေါင်စတာလင် ဆိုပါစို့) ကို ဖြစ်စေ၊ နိုင်ငံတစ်ခု၏ အာမခံစာချုပ် (ဗြိတိသျှစာချုပ် ဆိုပါစို့) ကို ဖြစ်စေ၊ အင်္ဂလန်နိုင်ငံနှင့် တိုက်ရိုက်အရောင်းအဝယ် မလုပ်ဘဲ ပြင်သစ်နိုင်ငံ၌ ဖြစ်စေ၊ အခြားနိုင်ငံ၌ ဖြစ်စေ အရောင်းအဝယ် ပြုလုပ်ခြင်းကို ခေါ်သည်။

Arbitration ~ ဖျန်ဖြေရေး ခုံရုံး။

ဝါဏိဇ္ဇကိစ္စအရပ်ရပ်များ အငြင်းပွားလျှင် အငြင်းပွားသူချင်း ဖြေရှင်း၍ မရသော အခါ နှစ် ဦး သဘောတူသည့် တစ်စုံတစ်ရာအဖွဲ့မှ ဖြေရှင်းဆုံးဖြတ်ပေးချက်ကို လက်ခံကြသည်။ ဤအဖွဲ့မျိုးကို ခေါ်သည်။ ကမ္ဘာ့ကွဲလွဲချက်များ ကိုလည်း ဤကဲ့သို့ ခုံရုံးဖွဲ့ကာ အဆုံးအဖြတ် ပေးလေ့ရှိသည်။

Arithmetic, Political ~ နိုင်ငံရေး သခ်ၤာ။

နိုင်ငံရေး ဘောဂဗေဒ သို့ မဟုတ် ဘောဂဗေဒကို ရှေးက နိုင်ငံရေး သခ်ၤာဟု ခေါ်သည်။ ဆာဝီလျံဝီတီဆိုသူက ၁၇၅၅ ခုနှစ် တွင် 'နိုင်ငံရေး သခ်ၤာဆိုင်ရာ အက်ဆေးများ ' ဟု ရေး သားရာ၌ သုံးစွဲခဲ့သည်။

Articles of Association ~ အဖွဲ့အစည်းစည်းမျဉ်းများ ။

ကုမ္ပဏီတစ်ခု၏ ကုမ္ပဏီတွင်းဆိုင်ရာ အစီအစဉ်နှင့် အုပ်ချုပ်မှု များ နှင့် စပ်လျဉ်းပြီး လိုက်နာ ကျင့်သုံးရမည် ဖြစ်သော ဥပဒေများ ဖြစ်သည်။ အစုရှယ်ယာများ ခွဲဝေပုံ၊ ဒါရိုက်တာများ ၏ အခွင့်အရေး ၊ ၎င်းတို့၏ လိုအပ်သော အရည်အချင်းနှင့် ကုမ္ပဏီ၏ အမြတ်ခွဲဝေပုံ၊ အစည်း အဝေးခေါ်ယူရန် အချက်အလက်များ စသည်တို့ ပါဝင်သည်။ ဤစည်းမျဉ်းများ ကို ကုမ္ပဏီ များ က မိမိတို့အလိုအကျ ရေး ဆွဲကြသော် လည်း ကုမ္ပဏီအက်ဥပဒေများ နှင့် မဆန့်ကျင် စေရ။ အကယ်၍ မရေး ဆွဲလျှင် ကုမ္ပဏီအက်ဥပဒေ၏ ပုံစံ (အေ) အရ အကျုံးဝင်သည်။

Artisan ~ လက်မှု ပညာသည်။

ကိုယ့်အရင်း ကိုယ့်လုပ်အားနှင့် ထူထောင်သည့် လက်ရှိပညာသည်တို့ကို ခေါ်သည်။ ယခု ဤအသုံးအစွဲများ နည်းသွားပြီး အလုပ်ရှင်တစ်ဦးအား စက်မှု လက်မှု ပညာဖြင့် လုပ်ကိုင်ပေး သူများ အား ခေါ်လာကြသည်။ စက်ဆရာ၊ ဂဟေဆက်သူတို့ကို ခေါ်သည်။

Aggregate Demand ~ စုစုပေါင်း ဝယ်လိုအား။

အစိုးရသုံးငွေများ နှင့် ပုဂ္ဂလိက အရင်းမြှုပ်နှံမှု နှင့် အသုံးပြုခြင်းတို့၏ စုစုပေါင်းသည် စုစုပေါင်း၏ ဝယ်လိုအား ဖြစ်၏ ။ စုစုပေါင်းဝယ်လိုအားမှာ တိုင်းပြည်ရှိ စုစုပေါင်းဝယ်လိုအား ဖြစ်၏ ။

Asset-deflation ~ အက်ဆက်တန်ဖိုးကျခြင်း။

ဈေးတက်ခြင်းကို ဖောင်းပွမှု ဟု ယေဘုယျခေါ်၍ ဈေးကျခြင်း၊ တန်ဖိုးကျခြင်းတို့ကို ဒီဖလေးရှင်း ဟုခေါ်သည်။

ဈေးကျရာ၌ အထွေထွေကုန်ဈေးနှုန်းများ ကျဆင်းခြင်းက တစ်မျိုးရှိ၍ တိုက်တာအိမ်မြေ များ ၊ စတော့နှင့် ရှယ်ယာများ ၊ စက်ရုံအလုပ်ရုံများ တန်ဖိုးကျဆင်းခြင်းက တစ်မျိုး ရှိလေ သည်။

ဒုတိယအမျိုးအစားကို အက်ဆက်များ တန်ဖိုးကျခြင်းဟု ခေါ်သည်။ အက်ဆက်တန်ဖိုး များ ကျဆင်းခြင်းသည် ကုန်ပစ္စည်းများ တန်ဖိုးကျဆင်းခြင်းထက်ပို၍ ဓနအင်အားကို ထိခိုက်သည်ဟု အဆိုရှိသည်။

Asset Demand for Money ~ ငွေကို သိပ်ထားရန် လိုအပ်သော ငွေဝယ်လိုအား။

ပြည်သူများ လက်ထဲ ရောက်ရှိနေသော ပိုက်ဆံကို အပိုင်းနှစ် ပိုင်း ပိုင်းနိုင်သည်။ တစ်ပိုင်းမှာ အိပ်နေသော ငွေ ဖြစ်၏ ။ တစ်ပိုင်းမှာ အလုပ်အကိုင် စီးပွားရေး လုပ်ငန်းတွင် လည်ပတ်နေ သော ငွေဟူ၍ ဖြစ်ကြသည်။ စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုး လာ၍

ငင်းလုပ်ငန်းတွင် လည်ပတ် နေသော အရေအတွက်နှင့် မလောက် ဖြစ်နေတတ်သည်။ ထိုအခါ အိပ်နေသော ငွေကို စီးပွားရေး လုပ်ငန်းအတွင် : ဆွဲသွင်းလုပ်စေခြင်းဖြင့် ဖြစ်စေ၊ ပိုက်ဆံအသစ် ထပ်မံဖန်တီး၍ ဖြစ်စေ၊ ဖွံ့ဖြိုး လာသော စီးပွားရေး လုပ်ငန်းတွင် ပွားလာနိုင်စေသည်။

Austrian School of Economics ~ ဩစတြီးယားဘောဂဗေဒဂိုဏ်း။

ဩစတြီးယားပြည်မှ ဘောဂဗေဒပါရဂူများ ကို ပေးသော နာမည် ဖြစ်သည်။ အထူးသဖြင့် မဲင်ဂါ၊ ဝံဇာ၊ ဘောင်ဘောက်တို့ ဖြစ်ကြသည်။ သူတို့သည် ဘောဂဗေဒတွင် ဂိုဏ်းတစ်ဂိုဏ်း ဖြစ်၏ ။ သူတို့သည် လက်တွေ့ ဖြစ်ရပ်များ ကို အခြေခံထား၍ သတ္တု ချသုံးသပ်သည်ထက် တစ်ခုခုကို အရင်ကောက်ချက်ချ၍ ဤမှနေ၍ ကောက်ချက်ငယ်များ ဆွဲထုတ်ယူသော နည်းကို အသုံးချ၏ ။ ဤနည်းဖြင့် သူတို့သည် အထူးသဖြင့် တန်ဖိုးသဘောတရားတစ်ခုကို စိတ်ဆန္ဒအမြင်ပိုင်းမှာ ဖော်စပ်ထားခဲ့သည်။ ယနေ့၌ အကျော်ကြားဆုံး ဩစတြီးယား ဘောဂဗေဒပါရဂူတို့ကား လု(ဒ်)ဝစ်ဘောင်မိုက်(စ်)၊ ပါမောက္ခဟာရကဒ်တို့ ဖြစ်သည်။ ငင်းတို့နှစ် ယောက် သည် လစ်ဘရယ်ဆန်၍ ပြိုင်ဆိုင်မှု ရှိသော စီးပွားရေး စနစ် ထူထောင်ရ မည် ဟု ရှေ့နေလိုက်သော သူများ ဖြစ်သည်။

Autarky ~ လွတ်လပ်ဖူလုံရေး ။

တိုင်းပြည်တစ်ပြည်သည် မိမိပြည်တွင် : ဖြစ်ပစ္စည်းနှင့် ဖူလုံရေး ပေါ်လစီ ဖြစ်သည်။ နိုင်ငံခြား မှ သွင်းကုန်များ အပေါ် မှီခိုရမှု ကင်းလွတ်လာခြင်းဖြင့် လွတ်လပ်အောင် ကြိုစားခြင်း ဖြစ်သည်။

Average, General ~ ယေဘုယျပျမ်းမျှ။

သဘော်အာမခံစာချုပ် အပုဒ်တစ်ပုဒ် ဖြစ်သည်။ ဤအပုဒ်အရ အပျက်အစီး အဆုံးအရှုံး ရှိလျှင် သဘော်ပေါ် ကုန်တင်သူများ ကပါ ခံရသည်။ အားလုံးကို အာမခံထားကြရသည်။ ထို့ကြောင့် ဤအသုံးအနှုန်းအတွက် သဘော်ကုမ္ပဏီကိုပါ အာမခံကုမ္ပဏီက လျော်ကြေး ထုတ်ပေးရမည် ။

Average, Particular ~ တသီးတခြားပျမ်းမျှ။

သဘော်အာမခံစာချုပ် အပုဒ်တစ်ပုဒ် ဖြစ်သည်။ ဤအပုဒ်အရ အပျက်အစီး အဆုံးအရှုံး ရှိလျှင် ပျက်စီးဆုံးရှုံးခံရသည့်သူကသာ စိုက်ရမည် ဖြစ်သည်။ တစ်နည်းဆိုလျှင် ပျက်စီး ဆုံးရှုံးခံရသည့်သူကို အာမခံကုမ္ပဏီက လျော်ပေးလိမ့်မည် ။

Average Product ~ ပျမ်းမျှထွက်ကုန်။

ကုန်ထုတ်လုပ်ငန်းတစ်ခုတွင် စုစုပေါင်းထွက်ရှိသော ထွက်ကုန်ကို ၎င်းလုပ်ငန်းရှိ စုစုပေါင်း အလုပ်သမားဦးရေနှင့် စားလျှင် တစ်ယောက် ကောင်းတွင် ထွက်ရှိသော ထွက်ကုန်ကို ရမည် ။ ဤရလဒ်ကို ပျမ်းမျှထွက်ကုန်ဟု ခေါ်သည်။

A snapshot ~ လျှပ်တစ်ပြက်ရိုက်ချက်။

နိုင်ငံတစ်နိုင်ငံ၏ ငွေကြေးနှင့် ဘဏ္ဍာရေး စနစ်ကို အနုစိတ် လေ့လာကြည့်ခြင်းရှိသလို မာတ်ပုံအမြန်ရိုက်သလို လျှပ်တစ်ပြက်ရိုက်ကြည့်ခြင်းမျိုးလည်း ရှိသည်။ ဤသို့ လျှပ်တစ်ပြက်ရိုက်သော အခါ ပုံရိပ်ပြကြောင်း ပေါ်စေသည်။ ၎င်းတို့မှာ -

(၁) ငွေကြေးကဏ္ဍနှင့် ငွေကြေးပေါ်လစီ တိုးတက်ပုံ

(၂) ဘဏ်စနစ်၏ အရွယ်အစားဖွဲ့စည်းမှု နှင့် စွမ်းရည်ထက်မြက်မှု တို့ (အစိုးရ၏ ကဏ္ဍ လည်း ပါဝင်စေရမည် ။) (၃) ဘဏ်စည်းမျဉ်းနှင့် ကြီးကြပ်ကွပ်ကဲမှု တို့၏ အရည်အသွေး။

(၄) ဘဏ်မဟုတ်သော ဘဏ္ဍာရေး ကဏ္ဍ Non-bank Financial Sliter

(၅) ဘဏ္ဍာရေး စနစ်၏ တံခါးဖွင့်မှု အနေအထား Openness Financial Seeter (၆) အဖွဲ့အစည်းနှင့် ဝန်းကျင် (institutional environment) တို့ဟူ၍ ဖြစ်ပါသည်။

*